

mgyoe.com

mgyoe.com



# ထူးဆန်းသော
# အံ့ဖွယ်ဖိနပ်ကလေး
## နှင့်ပုံပြင်များ

ISBN9789997114266
KHIT34
9 789997 114266
1,500.00KS

mgyoe.com

ထူးဆန်းသောအံ့ဖွယ်ပိနပ်ကလေးပုံပြင်များ။ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၀၉ မျက်နှာ၊ ၁၂ ·၈စင်တီ × ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၅ အားမာန်သစ်စာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ထူးဆန်းသော အံ့ဖွယ်ဖိနပ်ကလေး

ပုံပြင်များ

## မောင်ခေတ်ထွန်း

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အံ့ဖွယ်ဖိနပ် | ၁ |
| ၂။ | လိပ်နှင့် မြွေ | ၂၈ |
| ၃။ | ပျားစုပ်ငှက် | ၃၂ |
| ၄။ | မြင်းလှကလေး | ၃၆ |
| ၅။ | တံခါးမှူး၏ သမီး | ၄၅ |
| ၆။ | ဖလော်ရီရှိနှင့် ဖလော်ရီရာ | ၅၈ |
| ၇။ | မြင်းပျံ | ၇၇ |
| ၈။ | ပူလောရှားပုံပြင် | ၈၇ |
| ၉။ | စစ်ခင်း၍ ပျက်ယွင်းသွားသော ကျွန်းနှစ်ကျွန်း | ၁၀၁ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အံ့ဖွယ်ဖိနပ်

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်တွင် ဘုရင်ကြီးတစ်ပါး ရှိလေသည်။

ဘုရင်ကြီးနှင့်မိဖုရားကြီးတို့သည် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ကြကာ ယုယကြင်နာလျက်ရှိကြလေသည်။ မကြာမီ မိဖုရားကြီးသည် သားယောကျ်ားကလေးတစ်ဦး ဖွားမြင်ရာ ဘုရင်ကြီးနှင့် မိဖုရားကြီးတို့သည် အလွန်ပျော်ရွှင်ကြလေသည်။

မကြာမီ မိဖုရားကြီးတွင် ကိုယ်ဝန်ရှိလာပြန်လေသည်။ သမီး မိန်းကလေးလိုချင်ကြ၍ ယခုမွေးမည့် ကလေးသည် မိန်းကလေးဖြစ်ပါစေဟု ဆုတောင်းကြလေသည်။ သို့သော် မွေးလာသည့်ကလေးကား မိန်းကလေး မဟုတ်ပေ။

ယောကျ်ားကလေး ဖြစ်နေလေသည်။

ထိုအခါ မိဖုရားကြီးက -

"ကိစ္စမရှိဘူး။ ညီမလေးအတွက် အစ်ကိုနှစ်ယောက် မွေးဖွားလာခြင်းဖြစ်၏။ နောက်မွေးလာမည့် ညီမလေးအတွက်

mgyoe.com

mgyoe.com


အစ်ကိုနှစ်ယောက် စောင့်နေတဲ့သဘောပေါ့"

ဟု ဖြေသိမ့်ကာ ဆိုလေသည်။

သို့သော် တတိယမွေးလာသည့် ကလေးသည်လည်း ယောကျ်ားလေးပင်။

ဘုရင်ကြီးနှင့် မိဖုရားကြီးသည် စိတ်မချမ်းမသာ ဖြစ်စပြုလာပြီဖြစ်သည်။ သို့သော် သူတို့က စတုတ္ထမြောက်ကလေးသည် မိန်းကလေး ဧကန်ဖြစ်ရမည်ဟု ယုံကြည်ထင်မှတ်နေကြလေသည်။

သို့သော် စတုတ္ထမြောက်ကလေးသည် မိန်းကလေး မဟုတ်ပြန်ချေ။ ယောကျ်ားလေးပင်။ မိဖုရားကြီး နောက်ထပ်မွေးလာသည့် ကလေးများအားလုံးသည် ယောကျ်ားများချည်းပင် ဖြစ်၏။

၁၂ ယောက်မြောက် ယောကျ်ားကလေးကို မွေးဖွားလာသည့်အခါတွင်မူ ဘုရင်ကြီးနှင့် မိဖုရားကြီးတို့သည် အလွန်ပင် စိတ်ညစ်သွားကြသည်။

သူတို့၏ သားကလေးများမှာ ကိုယ်ခန္ဓာကြီးထွားကြသည်။ အားခွန်ဗလ တောင့်တင်းကျန်းမာကြသည်။ ဘုရင်ကြီးနှင့် မိဖုရားကြီးတို့မှာ သူတို့သားများကို ချစ်ခင်နှစ်သက်ကြသော်လည်း သမီးမိန်းကလေးကို လိုချင်သည့်စိတ်ကား တားဆီးမရခဲ့ချေ။

သို့သော် နောက်ဆုံးတွင် သူတို့၏ ဖြစ်ချင်ဆုံးသော ဆန္ဒကား ပြည့်ဝသွားပြီ ဖြစ်သည်။

၁၃ ယောက်မြောက် မွေးဖွားလာသည့် ကလေးကား ရှားရှားပါးပါး မိန်းကလေးဖြစ်နေလေသည်။ သူတို့၏ ပျော်ရွှင်မှု

mgyoe.com

mgyoe.com


ကား ဖော်ပြ၍မရနိုင်တော့ချေ။

မိဖုရားကြီးသည် အားရဝမ်းသာစွာဖြင့် သူသား ၁၂ ယောက်ကို ခေါ်ကာ သူတို့၏ ညီမချောလေးအား ပြသသည်။ ဘုရင်ကြီးလည်း ဝမ်းသာလွန်း၍ နန်းတော်တွင် စားပွဲကြီးကို ကျင်းပကာ အယုတ်အလတ် အမြတ်မရွေး ကျွေးမွေးလေသည်။

စားပွဲအခမ်းအနားကြီးတွင် သမီးတော်မင်းသမီးလေးအား ဧည့်ပရိသတ်အပေါင်းရှေ့တွင် ပွဲထုတ်လေသည်။

ပရိသတ်အပေါင်းသည် မင်းသမီးကလေးအား ကောင်းချီးပေးကြလေသည်။ ချီးမွမ်းထောမနာပြုကြသည်။

ထိုအချိန်တွင် နန်းတော်တံခါးကြီး ပွင့်လာကာ နတ်သမီးသုံးပါးသည် အထဲသို့ ဝင်လာကြလေသည်။

ပရိသတ်အားလုံးသည် နတ်သမီးသုံးဖော်ကို မြင်သော်ငြိမ်သက်သွားကြသည်။ သူတို့က နတ်သမီးများသည် ဘုရင့်သမီးတော်ကလေးအား ဆုလာဘ်များပေးရန် ရောက်ရှိလာကြခြင်းဖြစ်သည်ဟု သိနေကြလေသည်။

ပထမ နတ်သမီးက -

"မင်းသမီးကလေးရဲ့ဘဝတစ်လျှောက်လုံးမှာ ဘယ်တော့မှ နာမကျန်းမဖြစ်စေရဘူး"

ဟု ဆုလက်ဆောင်ပေးသည်။

ဒုတိယနတ်သမီးက -

"မင်းသမီးကလေးဟာ ဘဝတစ်လျှောက်လုံး ချောမောလှပသူ ဖြစ်ပါစေ"

ဟု ဆုလာဘ်ပေးသည်။

mgyoe.com

mgyoe.com


တတိယနတ်သမီးက –

"မင်းသမီးကလေးဟာ ဘဝတစ်လျှောက်လုံး ကောင်းမှုတွေနဲ့သာ တွေ့ကြုံရမယ်၊ မကောင်းတာ ဘာမှမဖြစ်စေရဘူး"

ဟုဆုလာဘ်ပေးလေသည်။

ထိုသို့ နတ်သမီးသုံးပါးသည် မင်းသမီးကလေးအား ဆုလာဘ်လက်ဆောင်များပေးကြပြီးနောက် ကြီးမားသော အလင်းရောင်ကြီး ပေါ်လာပြီးနောက် နတ်သမီးသုံးပါးသည် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေသည်။

ပရိသတ်အပေါင်းလည်း ကံကောင်းသော မင်းသမီးကလေးအတွက် အချင်းချင်း ချီးကျူးစကား ပြောဆိုကြလေသည်။

နန်းရင်ပြင်တစ်ခုလုံး ပရိသတ်အပေါင်း၏ စကားသံများဖြင့် စည်ဝေလျက်ရှိနေလေသည်။ ထိုအချိန်တွင် နန်းတော်တံခါးကြီးသည် ပြန့်ပွင့်လာပြန်ကာ အနက်ရောင်ဝတ်ထားသော အဘွားအိုတစ်ဦးသည် နန်းတော်ထဲသို့ ဝင်ရောက်ပြေးဝင်လာလေသည်။

အဘွားအိုသည် ပါးစပ်မှလည်း –

"ခဏစောင့်...ခဏစောင့်၊ မင်းသမီးကလေးကို ဆုပေးဖို့ကျန်သေးတယ်၊ မပြီးသေးဘူး"

ဟု အော်ပြောနေလေသည်။

လူအားလုံးလည်း ငြိမ်သက်သွားကြကာ အဘွားအိုကို ကြည့်နေကြလေသည်။

အဘွားအိုသည် အင်္ကျီအိတ်ထဲမှ အလွန်သေးငယ်သည့် ငွေဖိနပ်တစ်ရန်ကို ထုတ်ယူကာ မင်းသမီးလေး၏ ခြေထောက်တွင် ဝတ်ဆင်ပေးလိုက်လေသည်။

mgyoe.com

mgyoe.com


ထို့နောက် အဘွားအိုက -

"ဒီဖိနပ်ဟာ ထူးဆန်းတဲ့ ဖိနပ်လေးဖြစ်တယ်၊ မင်းသမီးကလေးဟာ ဒီဖိနပ်ကိုစီးပြီး လူတွေရဲ့ နှလုံးသားတွေထဲမှာ လျှောက်လှမ်းသွားလိမ့်မယ်၊ ဟား…ဟား…ဟား"

ဟု ရယ်မောကာ ပြန်လည်ထွက်ခွာသွားလေသည်။

အဘွားအို အပြင်ဘက်သို့ရောက်ရှိသွားသည်အထိ အဘွားအို၏ ရယ်မောသံကို အဆက်မပြတ် ကြားကြရလေသည်။

"လူတွေရဲ့နှလုံးသားထဲကို လျှောက်လှမ်းလိမ့်မယ်"

ဆိုတဲ့ အဓိပ္ပာယ်က ဘာကိုပြောတာလဲ၊ ကြားရသူတိုင်း အနက် အဓိပ္ပာယ်အမျိုးမျိုး ဖော်နေကြလေသည်။

ဘုရင်ကြီးက ပညာရှိတစ်ဦးအား -

"သင် လူတွေရဲ့နှလုံးသားထဲမှာ လမ်းလျှောက်နိုင်သလား"

ဟုမေးလေသည်။

ထိုအခါ ပညာရှိက သူ့ခြေထောက်ကြီးကို ကြည့်ကာ

"အို…အရှင်မင်းကြီး၊ ကျွန်တော်မျိုး မလျှောက်နိုင်ပါ"

ဟုလျှောက်တင်သည်။

ပညာရှိကြီး၏ လျှောက်တင်ချက်ကို ကြားသော် ဘုရင်ကြီးက -

"ဒါဖြင့် ဒီစကားက ဘာအဓိပ္ပာယ်လဲ"

"ကျွန်တော်မျိုး မသိနားမလည်ကြောင်းပါ အရှင်မင်းကြီး"

ဟု ပညာရှိက ပြန်လည်လျှောက်တင်သည်။

ထိုအခါ ဘုရင်ကြီးက နောက်ပညာရှိကြီးတစ်ပါးအား

"အဲဒီအဓိပ္ပာယ်ကိုကော အသင်သိပါသလား"ဟု မေး

mgyoe.com

mgyoe.com


ပြန်သည်။

ဒုတိယပညာရှိကလည်း မသိကြောင်း ပြန်ဖြေသည်။ ဘုရင်ကြီးသည် တတိယမြောက်ပညာရှိအား မေးပြန်သည်။ တတိယမြောက် ပညာရှိကလည်း မဖြေနိုင်ပေ။

ထိုသို့ဖြင့် ဘုရင်ကြီးသည် ပညာရှိများအား အဘွားအို ပြောဆိုသွားသည့် စကား၏အဓိပ္ပာယ်ကို ယနေ့ညမတိုင်မီ ဖြေကြားရမည်ဟု အမိန့်တော်ချမှတ်ကာ ပြန်စေလေသည်။ ပညာရှိများသည် စားပွဲမပြီးဆုံးသေးမီ ပြန်ကြ၍ များစွာ စိတ်မသာမယာရှိကြလေသည်။ သို့သော် သူတို့သည် ဘုရင်ကြီး၏ အမိန့်အတိုင်း ယနေ့မတိုင်မီ အဘွားအို၏စကားကို အနက်အဓိပ္ပာယ်ဖော်နိုင်ရန် နန်းတော်မှ ထွက်ခွာလာခဲ့ကြလေသည်။

သူတို့သည် စာကြည့်ခန်းထဲ၌ စာအုပ်များကို လှန်လှောရှာဖွေ ဖတ်ရှုပါက စာအုပ်တစ်အုပ်ထဲတွင် အဘွားအိုစကား၏ အနက်အဓိပ္ပာယ်ကို ဖော်နိုင်မည့်အဖြေကို ရရှိလိမ့်မည်ဟု တွေးမိကြလေသည်။

ထို့ကြောင့် သူတို့သည် စာကြည့်ခန်းသို့ လာကြလေသည်။ သူတို့သည် စာအုပ်များကို လှန်လှောဖတ်ရှုကြသည်။ အဓိပ္ပာယ်များဖော်ကြသည်။ သို့သော် သူတို့သည် အနက်အဓိပ္ပာယ်ဖော်ကြရာ၌ တစ်ဦးနှင့်တစ်ဦး "သူမှန်သည်၊ ငါမှန်သည်" ဟုဆိုကာ ငြင်းခုံကြသည်။ ရန်ဆောင်ကြသည်။ တွန်းထိုးကြသည်။ ထိုအခါ သူတို့၏ မုတ်ဆိတ်မွေးများသည် ဘယ်ညာ ယိမ်းနွဲ့ကာနေကြလေသည်။ နောက်ဆုံးနှစ်ဦးသည် သတ်ပုတ်ကြကာ လုံးထွေးသွားကြသည်။ သူတို့နှစ်ဦး၏ မုတ်ဆိတ်မွေးများသည် လိမ်ရှုပ်ငြိတွယ်

mgyoe.com

mgyoe.com

သွားကြကာ ချည်ပြီးသကဲ့သို့ ဖြစ်သွားသည်။ တခြားသူများက အချိန်အတော်ကြာဖြေမှ ပြေသွားကြသည်။

ထိုအချိန်တွင် ဟားတိုက်ရယ်မောလိုက်သော အသံတစ်သံကို ကြားလိုက်ရပြီး နန်းတော်ထဲ၌ မင်းသမီးကလေးအား ဖိနပ်ပေးခဲ့သော အဘွားအိုသည် သူတို့ထံသို့ ရောက်ရှိလာလေသည်။

ပညာရှိများက အဘွားအိုအား အဘွားအို ပြောကြားခဲ့သည့် လူတွေရဲ့နှလုံးသားထဲမှာ လမ်းလျှောက်ရလိမ့်မယ်ဟူသော စကား၏ အနက်အဓိပ္ပာယ်ကို ပြောပြရန် တောင်းဆိုကြသည်။ ထိုအခါ အဘွားအိုက -

"လူတွေရဲ့နှလုံးသားထဲမှာ လျှောက်လှမ်းပါ"ဆိုတာက "မင်းသမီးကလေးက အားလုံးက သူ့ကိုချစ်အောင် လုပ်လိမ့်မယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ"ဟု ပြန်ပြောလေသည်။

ပညာရှိများက -

"အားလုံး ဟုတ်လား"ဟု ပြန်မေးသည်။

"ဟုတ်ပါတယ်၊ အားလုံးဆိုရာမှာ ယောကျ်ား၊ မိန်းမ၊ ယောကျ်ားကလေး၊ မိန်းကလေး၊ ခွေး၊ ကြောင်၊ ဆင်တွေအားလုံး ပါဝင်ပါတယ်"ဟု ပြောဆိုကာ အဘွားအိုသည် တဟားဟား ရယ်မော၍ ထွက်ခွာသွားလေသည်။

ပညာရှိများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ သူတို့အထဲတွင် အသက်အကြီးဆုံးပညာရှိကြီးက-

"ကဲ...အခု ကျွန်ုပ်တို့ဘုရင်ကြီးကို သွားပြီးအဖြေပေးလို့ ရပြီ"ဟု ဆိုလေသည်။

ထိုအခါ အခြားပညာရှိတစ်ဦးက-

mgyoe.com

mgyoe.com


"အဘွားအို အခုပြောတဲ့ အနက်အဓိပ္ပာယ် စကားတွေကို ဘုရင်ကြီးကို လျှောက်တင်မှာလား"ဟုမေးသည်။

ထိုအခါ အသက်အကြီးဆုံး ပညာရှိကြီးက -

"အဲဒီလိုတော့ ဘယ်လျှောက်တင်ပါ့မလဲ၊ အဘွားအိုက ကျွန်ုပ်တို့ထက် တော်တယ်လို့ သိသွားပြီး ကျွန်ုပ်တို့ ပညာရှိဆိုတာ ဘယ်သူမှ ယုံကြတော့မှာ မဟုတ်ဘူး"ဟု ပြန်လည်ပြောဆိုလေသည်။

ထိုသို့ဖြင့် သူတို့သည် ဘုရင်ကြီးဆီသို့ ရောက်ရှိလာကြလေသည်။ သူတို့က ဘုရင်ကြီးအား-

"အရှင်မင်းကြီး...ကျွန်တော်မျိုးတို့ အရှင်မင်းကြီး ရှာဖွေခိုင်းတဲ့ အဘွားအိုစကားရဲ့ အနက်အဓိပ္ပာယ်ကို ရှာဖွေလို့ တွေ့ခဲ့ပါပြီ။ ကျွန်တော်မျိုးတို့ ဒီအဖြေကိုရဖို့ စာအုပ်တွေအတော်များများ ဖတ်ရှုခဲ့ရပါတယ်။ အဘွားအိုပြောသွားတဲ့ လူတွေရဲ့ နှလုံးသားထဲမှာ လမ်းလျှောက်လိမ့်မယ်ဆိုတဲ့ စကားက မင်းသမီးလေးဟာ သူ့ကိုချစ်အောင် လူတွေကိုလုပ်လိမ့်မယ်လို့ အဓိပ္ပာယ်ရပါတယ်" ဟု လျှောက်တင်ကြလေသည်။

ဘုရင်ကြီးက -

"အားလုံး ဟုတ်လား"ဟု ပြန်မေးသည်။

"မှန်ပါတယ် အရှင်မင်းကြီး၊ အားလုံးပါ။ အားလုံးဆိုရာမှာ ယောကျာ်း၊ မိန်းမ၊ ယောကျာ်းကလေး၊ မိန်းကလေး၊ ခွေး၊ ကြောင်နဲ့ ဆင်တွေ ပါပါတယ်"ဟု ပညာရှိများက ပြန်လည်လျှောက်တင်ကြသည်။ ဘုရင်ကြီးလည်း အလွန်ကျေနပ်သွားကာ ပညာရှိများအား စားတော်ကို ဆက်လက်သုံးဆောင်စေလေသည်။

mgyoe.com

mgyoe.com


စားပွဲများကား အေးစက်၍ နေလေသည်။ စားတော်ကဲသည် စားပွဲအသစ်များ ယူဆောင်လာကာ ချပေးသည်။

အထိန်းတော်လေးများသည် သမီးတော်အား မိဖုရားကြီး ထံသို့ ခေါ်ဆောင်သွားကြသည်။

နှစ်များစွာ ကြာညောင်းသွားခဲ့သည်။ မိဖုရားကြီးလည်း ကွယ်လွန်သွားပြီဖြစ်သည်။ မင်းသမီးကလေးမှာ နတ်သမီးများ ကောင်းချီးပေးသည့်အတိုင်း ကျန်းမာချမ်းသာစွာဖြင့် အရွယ် ရောက် ကြီးပြင်းလာခဲ့လေသည်။ အလှသွေးများတိုးကာ အလွန် ချောမောလှပသော မင်းသမီးကလေးတစ်ပါး ဖြစ်လာခဲ့လေသည်။ မင်းသမီးကလေးသည် အဘွားအိုပေးခဲ့သည့် ဖိနပ်ကလေးကို အစဉ်အမြဲ ဝတ်ဆင်လေ့ရှိသည်။ ထိုဖိနပ်ကလေးမှာ ထူးဆန်း သော ဖိနပ်ကလေး ဖြစ်သည်။ မင်းသမီးကလေး အရွယ်နှင့်လိုက် ကာ ဖိနပ်သည်လည်း ကြီးလိုက်လာခြင်းဖြစ်သည်။ မင်းသမီး ကလေး အသက်ကြီးလာသော်လည်း ဖိနပ်သည် လိုက်ကြီးလာ၍ မင်းသမီးကလေး၏ ခြေထောက်နှင့် အံဝင်ခွင်ကျ ဖြစ်နေလေ သည်။

ယခု အဘွားအိုပြောကြားသည့် စကားသည် မှန်ကန်လာ ပြီဖြစ်သည်။ မင်းသမီးကလေးသည် လူများ၏နှလုံးသားထဲတွင် လမ်းလျှောက်လျက်ရှိနေပြီ ဖြစ်သည်။ လူတိုင်းသည် မင်းသမီး ကလေးအား ချစ်မြတ်နိုးကြလေသည်။ ယောကျ်ား၊ မိန်းမ၊ ယောကျ်ားကလေး၊ မိန်းကလေး၊ ခွေး၊ ကြောင်နှင့် ဆင် အားလုံး မကျန် မင်းသမီးကလေးအား မချစ်မနှစ်သက်သည်ဟူ၍ မရှိ။

ထိုသို့ဖြင့် မင်းသမီးကလေးမှာ အသက် ၁၅ နှစ်အရွယ်

mgyoe.com

mgyoe.com


သို့ရောက်ရှိလာလေသည်။ ထိုအချိန်တွင် တိုင်းတစ်ပါးမှ မင်းသားကလေးတစ်ပါးသည် မင်းသမီးကလေး၏ ဂုဏ်သတင်းကို ကြားသိသွားလေသည်။ မင်းသားလေးသည် မင်းသမီးအား လက်ထပ်လိုချင်နေသည်။

ထိုသို့ဖြင့် မင်းသားလေးသည် မင်းသမီးကလေးရှိရာ တိုင်းပြည်သို့ မြင်းဖြူကြီးကိုစီးကာ တစ်ကိုယ်တည်း ထွက်ခွာလာခဲ့လေသည်။

ရက်ပေါင်းများစွာ ခရီးနှင်ပြီးနောက် မင်းသားလေးသည် မင်းသမီးကလေးရှိရာ တိုင်းပြည်သို့ ရောက်ရှိလာခဲ့လေသည်။

သို့သော် မြို့ထဲသို့ဝင်ရန် မိုးချုပ်နေပြီဖြစ်သည်။

တောထဲတွင် ဖြတ်သန်းလာ၍လည်း သူ့မြင်းမှာ မောဟိုက်နေပြီ။ သူသည် တစ်ညတည်းခိုနိုင်မည့် နေရာကို ရှာဖွေသည်။ သစ်ပင်ကြားထဲမှာ အိမ်တစ်အိမ်၏ မီးအလင်းရောင်တစ်ခုကိုမြင်တွေ့ရ၍ ဝမ်းသာသွားသည်။

မင်းသားလေးသည် ထိုအိမ်သို့ရောက်ရှိလာပြီး-

"အိမ်ရှင်တို့...အိမ်ရှင်တို့"

ဟု လှမ်းအော်မေးသည်။ အိမ်ထဲမှ-

"ဝင်လာခဲ့ပါ"

ဟု အသံကြားရသည်။

မင်းသားလေးသည် တံခါးဖွင့်ကာ အိမ်ထဲတွင် အနက်ရောင်ဝတ်ဆင်ထားသည့် အဘွားအိုကို တွေ့ရသည်။ မင်းသားလေးက အဘွားအိုအား -

"ဒီညအဖို့ အဘွားအိမ်မှာပဲ ကျွန်တော့်ကိုတည်းခွင့်ပြုပါ"

mgyoe.com

mgyoe.com


ဟု ခွင့်တောင်းသည်။

အဘွားအိုက–

"တည်းနိုင်ပါတယ်၊ သင့်မြင်းကို မြင်းနက်ကြီးရှိတဲ့ တဲအတွင်း သွားထားပါ။ နောက်ပြီး ဒီကိုပြန်လာခဲ့ပါ၊ ကြောင်ကို တက်မနင်းမိဖို့ သတိထားပါ"

ဟု ပြောဆိုလေသည်။

မင်းသားလေးလည်း သူ့မြင်းဖြူကြီးကို တဲအတွင်း သွားရောက်ထားကာ အစာရေစာများ ကျွေးမွေးလေသည်။

ထို့နောက် အိမ်ကလေးဆီသို့ ပြန်လာခဲ့လေသည်။

အဘွားအိုသည် မီးဖိုချောင်တွင် စားစရာများကို ချက်ပြုတ်နေသည်။ ဟင်းနံ့များမှာ မွှေးကြိုင်နေသည်။

ထို့နောက် အဘွားအိုသည် စားသောက်ဖွယ်ရာများကို စားပွဲပေါ်တင်ပြီးသော် သူတို့နှစ်ဦး အတူတကွ စားသုံးကြလေသည်။

အစားအစာများ စားသောက်ပြီးသော် အဘွားအိုက မင်းသားလေးအား –

"သင် မင်းသမီးလေးကို လက်ထပ်ဖို့လာတာ မဟုတ်လား"ဟု မေးလိုက်လေသည်။

"အဘွား ဘယ်လိုလုပ်သိသလဲ၊ အဘွားက နတ်သမီးလား"

ဟု မင်းသားလေးက မေးသည်။

ထိုအခါ အဘွားအိုက –

"ဟုတ်တယ်၊ ငါဟာနတ်သမီးပဲ၊ မင်းအကြောင်းကို

mgyoe.com

mgyoe.com


ပြောပြပါ၊ ငါကူညီမယ်"

ဟုဆိုသည်။

မင်းသားလေးလည်း သူ့အကြောင်းကို အဘွားအိုအား ပြောပြသည်။ စကားဆုံးသော် အဘွားအိုက မင်းသားလေးအား

"လူကလေး…ဒီမင်းသမီးကလေးကို ရဖို့ဆိုတာ သိပ်ခက်ခဲပါလိမ့်မယ်"

ဟုပြောဆိုသည်။

"ကျွန်တော်ကြိုးစားပါ့မယ်"

ဟု မင်းသားလေးက ပြန်ပြောသည်။

"မင်းကြိုးစားပေမဲ့ မင်းသမီးကလေးကို မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတာ မင်းသိသလား"

ဟု အဘွားအိုက မေးသည်။

မင်းသားလေးက -

"ကျွန်တော် မသိပါဘူး။ အဘွားပြောပြမယ်လို့ ယုံကြည်ပါတယ်"

ဟု ပြန်ပြောသည်။

"အေး…ငါပြောပြမယ်၊ ငါငယ်စဉ်ကပေါ့။ မင်းသမီးကလေး မွေးဖွားတဲ့အချိန်မှာ ငါဟာမင်းသမီးကလေးကို ထူးဆန်းတဲ့ ဖိနပ်တစ်ရန် ပေးခဲ့တယ်။ အခု မင်းသမီးကလေးဟာ အဲဒီဖိနပ်စီးပြီး လူတွေရဲ့ နှလုံးသားထဲမှာ လျှောက်လှမ်းနေပြီလေ"

ဟု အဘွားအိုက ရှင်းပြသည်။

အဘွားအိုပြောဆိုသည့် စကားအဓိပ္ပာယ်ကို မင်းသားလေး သိရှိ၍ ပြုံးရယ်လေသည်။

mgyoe.com

mgyoe.com


အဘွားအိုက ဆက်၍ -

"ဒါ့ကြောင့် လူအားလုံး မင်းသမီးလေးကို ချစ်နေကြပြီ"ဟု ဆိုသည်။

"အားလုံးဟုတ်လား" ဟု မင်းသားလေးက ပြန်မေးသည်။

အဘွားအိုက -

"ဟုတ်တယ် အားလုံးပဲ။ ယောကျ်ား၊ မိန်းမ၊ ယောကျ်ားကလေး၊ မိန်းကလေးတွေတွင်မကဘူး၊ တိရစ္ဆာန်တွေဖြစ်တဲ့ ခွေးတွေ၊ ကြောင်တွေ၊ ဆင်တွေကပါ မင်းသမီးကလေးကို ချစ်နေကြပြီ"

ဟု ပြောဆိုရှင်းပြလေသည်။

"ကျွန်တော်သိပါပြီ"ဟု မင်းသားလေးက ဆိုသည်။

အဘွားအိုက ဆက်လက်၍ -

"မင်းကြိုးစားလို့ ရမယ်လို့ ငါမထင်ဘူး။ အားလုံးက မင်းသမီးကလေးကို ချစ်နေကြပေမဲ့ မင်းသမီးလေးက ဘယ်သူ့ကိုမှ ပြန်မချစ်ဘူး။ မင်းက မင်းသမီးလေးကိုချစ်ပေမဲ့ မင်းသမီးလေးကို ဘယ်တော့မှ မြင်တွေ့ရမှာ မဟုတ်ဘူး။ မင်းကို ချစ်မှာလည်း မဟုတ်ဘူး"

ဟု ပြန်ပြောသည်။

"ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ"ဟု မင်းသားလေးက ပြန်မေးသည်။

အဘွားအိုက -

"ပထမဆုံး လုပ်ရမှာက မင်း ငါ့ဆီကို အဲဒီထူးဆန်းတဲ့

mgyoe.com

mgyoe.com


ဖိနပ်ကလေး ပြန်ယူလာပေးဖို့ပဲ။ နောက်ပိုင်း ဘာဆက်လုပ်ရမယ် ဆိုတာ ဆက်ပြောမယ်''ဟု ဆိုသည်။

''အဲဒီဖိနပ်ကလေးကို ဘယ်လိုယူရမှာလဲ''ဟု မင်းသားလေးက မေးသည်။

''မနက်ကျရင် မင်းကို အပြာရောင်ပန်းပွင့်ကလေး တစ်ပွင့်ပေးမယ်။ အဲဒီပန်းပွင့်ဟာလည်း အလွန်ထူးဆန်းတဲ့ ပန်းပွင့်ဖြစ်တယ်။ ဘယ်သူ့ကိုမဆို အိပ်ပျော်စေတဲ့ ပန်းပွင့်ဖြစ်တယ်။ မင်း ဘုရင့်နန်းတော်ကိုရောက်လို့ နန်းတော်ထဲဝင်ဖို့ အစောင့်စစ်သားက တားဆီးတဲ့အခါ အဲဒီပန်းပွင့်နဲ့ အစောင့်စစ်သားကို ထိလိုက်ပါ။ စစ်သား အိပ်ပျော်သွားပါလိမ့်မယ်။ အဲဒီနောက် မင်း မင်းသမီးကလေးကို တွေ့ရလိမ့်မယ်။ မင်းသမီးကလေးကို တွေ့ရင်လည်း ဒီထူးဆန်းတဲ့ ပန်းပွင့်နဲ့ မင်းသမီးကို ထိလိုက်ပါ။ မင်းသမီးလေး အိပ်ပျော်သွားတာနဲ့တစ်ပြိုင်နက် သူ့ဖိနပ်ကို ချွတ်ယူလာခဲ့ပေတော့''ဟု ပြောဆိုမှာကြားလေသည်။

နောက်တစ်နေ့နံနက်တွင် အဘွားအိုသည် အိမ်မှထွက်သွားလေသည်။ အဘွားအိုသည် တောထဲတွင်ဖူးပွင့်နေသော အပြာရောင် ပန်းတစ်ပွင့်ကို ခူးကာ မင်းသားလေးအား ပေးလေသည်။ မင်းသားလေးသည် ပန်းပွင့်ကိုယူပြီး အဘွားအိုအား ကျေးဇူးတင်စကား ပြောဆိုကာ မြင်းစီး၍ နန်းတော်သို့ ထွက်ခွာလာခဲ့သည်။

မြို့အဝင်ဝတွင် တံခါးစောင့်စစ်သားက မင်းသားလေးအား-

''ဘယ်သွားမလို့လဲ''ဟု တားသည်။ ထိုအခါ မင်းသားလေးသည် သူယူဆောင်လာသည့် အပြာရောင်ပန်းပွင့်ကလေးနှင့်

mgyoe.com

mgyoe.com


တံခါးစောင့်အား ထိလိုက်လေရာ တံခါးစောင့်သည် ချက်ချင်း အိပ်ပျော်သွားလေသည်။ မင်းသားလေးလည်း နန်းတော်ဥယျာဉ်ဆီသို့ ဆက်လက်လာခဲ့လေသည်။ သူသည် သူ့မြင်းအား သစ်ပင်များကြားတွင် ဝှက်ထားလိုက်ပြီး လမ်းလျှောက်လာခဲ့သည်။

တစ်နေရာအရောက်တွင် သူသည် စကားပြောသံနှင့် ရယ်မောသံများကို ကြားရသည်။ သစ်ပင်တစ်ပင်ပေါ်တက်၍ ချောင်းကြည့်လိုက်ရာ မင်းသမီးကလေးအား သူ့အဖော်များနှင့် အတူ ပျော်ရွှင်မြူးထူး ကစားနေကြသည်ကို တွေ့မြင်ရလေသည်။ မင်းသမီးကလေးမှာ အလွန်ချောမော လှပနေလေရာ မင်းသားလေးမှာ မင်းသမီးကလေးအား ချစ်ကြိုက်သွားမိလေသည်။

မင်းသမီးကလေးနှင့် အဖော်များသည် 'တူတူပုန်းတမ်း' ကစားနေကြခြင်း ဖြစ်သည်။ ထိုကစားနည်းမှာ တစ်ယောက်က ပုန်းအောင်း၍ ကျန်သူများက ပုန်းအောင်းသူကို ရှာဖွေရခြင်း ဖြစ်သည်။ မကြာမီ မင်းသမီးကလေး၏ အလှည့်သို့ ရောက်ရှိလာသည်။ မင်းသမီးကလေးသည် မြင့်မားသော ပန်းပင်ကြီးများ အကြားတွင် သွားရောက်ပုန်းအောင်းလေသည်။ မင်းသားလေးသည်လည်း သစ်ပင်ပေါ်မှ ချက်ချင်းဆင်းလာပြီး မင်းသမီးလေး ပုန်းအောင်းနေရာ ပန်းပင်များကြားသို့ ဖြည်းညင်းစွာ တိုးကပ်သွားလေသည်။ သူသည် မင်းသမီးနောက်ကို အသာအယာ ခြေဖော့သွားပြီးနောက် သူ့လက်ထဲတွင် ကိုင်ထားသည့် အပြာရောင် ပန်းပွင့်နှင့် မင်းသမီးကလေးအား ထိလိုက်လေသည်။

ထိုအခါ မင်းသမီးလေးသည် ချက်ချင်း အိပ်ပျော်သွားလေသည်။ မင်းသားလေးကလည်း မင်းသမီးကလေး စီးထား

mgyoe.com

mgyoe.com


သော ဖိနပ်ကိုချွတ်ယူကာ အိတ်ထဲထည့်၍ မြင်းကိုစီးပြီး အဘွား အို၏အိမ်သို့ ပြန်လာခဲ့လေသည်။

အဘွားအို၏ အိမ်သို့ရောက်သော် အဘွားအိုက မင်းသား လေးအား -

"မင်း ဒီဖိနပ်ကို မစီးရဘူး။ စီးရင် မင်းကို အမျိုးသမီး အားလုံးက ဝိုင်းချစ်ကြလိမ့်မယ်"ဟုပြောဆိုလေသည်။

"ကျွန်တော်မစီးပါဘူး"ဟု မင်းသားလေးက မျက်လုံး ပိတ်လျက် ပြန်ပြောသည်။

ထို့နောက် အဘွားအိုက ဆက်လက်၍ -

"မင်းက ဖိနပ်တစ်ဖက်ကို မင်းအိတ်ထဲမှာ သိမ်းထား၊ ငါက ကျန်တစ်ဖက်ကို သိမ်းထားမယ်"ဟု ပြောဆိုလေသည်။

မင်းသမီးကလေး၏ အဖော်များသည် မင်းသမီးကလေး အား အချိန်အတော်ကြာသည်အထိ လိုက်လံရှာဖွေကြသော်လည်း မင်းသမီးလေးကို ရှာဖွေမတွေ့ရှိကြပေ။ သို့သော် နောက်ဆုံးတွင် သူတို့သည် ပန်းပင်များကြားတွင် အိပ်ပျော်နေသော မင်းသမီး ကလေးအား တွေ့ရှိသွားကြသည်။ မင်းသမီးကလေးသည် အိပ်ရာ မှ နိုးလာသော် သူ့အဖော်များအား...

"ကျွန်ုပ်ဖိနပ် ဘယ်ရောက်သွားသလဲ"ဟု မေးလေ သည်။ မည်သူမျှ မဖြေနိုင်ကြ။ ထိုသို့ဖြင့် မင်းသမီးကလေးနှင့် အဖော်များသည် နန်းတော်ထဲသို့ ပြန်လာခဲ့ကြသည်။

သူတို့က ဘုရင်ကြီးအား မင်းသမီးကလေး၏ ဖိနပ်ကို တစ်စုံတစ်ဦးက ယူဆောင်သွားကြောင်း လျှောက်တင်ကြသည်။ ဘုရင်ကြီးသည် လျှောက်တင်ချက်ကိုကြားသော် အလွန်ဒေါသ

mgyoe.com

mgyoe.com


ထွက်သွားသည်။

ထို့နောက် ဘုရင်ကြီးသည် သားတော် ၁၂ ယောက်အား ရဲမက်စစ်သည်တော်များနှင့်အတူ သမီးတော်လေး၏ ဖိနပ်အား ခိုးယူသွားသူကို ဖမ်းဆီးရန် စေလွှတ်လိုက်သည်။ သားတော်များလည်း ရဲမက်တော်များနှင့်အတူ တိုင်းနိုင်ငံအနှံ့သွားရောက်ကာ ဖိနပ်သူခိုးအား ရှာဖွေကြသည်။ သို့သော် အချည်းနှီးပင်။ ဖိနပ်သူခိုးအား ရှာဖွေမတွေ့ကြပေ။

မင်းသမီးကလေးကား သူ့ဖိနပ် ပြန်မရ၍ များစွာ ဝမ်းနည်းသွားသည်။ ပျောက်ဆုံးသွားသော ဖိနပ်ကလေးအတွက် နေ့စဉ်ငိုကြွေးသည်။ နောက်ဆုံး ဘုရင်ကြီးက သမီးတော်ကလေး၏ဖိနပ်ကို ရှာဖွေပေးနိုင်သူ မည်သည့်မင်းသားနှင့်မဆို သမီးတော်ကလေးနှင့် လက်ဆက်ပေးမည်ဖြစ်ကြောင်း ကြေညာသည်။ သို့သော် မင်းသမီးကလေးသည် သူ့ဖိနပ်ရှာဖွေပေးသူ မင်းသားကို လက်ထပ်လိုမည် မဟုတ်ပေ။ မင်းသမီးကလေးမှာ သူ့ဖိနပ်ကို ပြန်ရလျှင် မည်မျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်မည်နည်း။

တစ်နေ့တွင် အမှုတော်ထမ်းများသည် ဘုရင်ကြီးအား နန်းတော်တံခါးဝတွင် သီချင်းသည်တစ်ဦး ရောက်ရှိနေကြောင်း လျှောက်ထားသည်။

ဘုရင်ကြီးက -

"ဝင်ခွင့်ပြုလိုက်ပါ။ သီချင်းသည်က သမီးတော်ကလေးကို တေးသီချင်းတွေနဲ့ ပျော်ရွှင်အောင် ဖြေဖျော်ပေးပါလိမ့်မယ်။ အဲဒီအခါ သမီးတော်ကလေးဟာ ပြန်လည်ပျော်လာလိမ့်မယ်" ဟု ဆိုလေသည်။

mgyoe.com

mgyoe.com


ထိုသို့ဖြင့် သီချင်းသည်သည် နန်းတော်ထဲသို့ ရောက်ရှိလာလေသည်။ အမှန်မှာ သီချင်းသည်ကလေးသည် မင်းသားလေးဖြစ်သည်။ သူ့အိတ်ထဲတွင် မင်းသမီးကလေး၏ ငွေရောင်ဖိနပ်တစ်ဖက် ရှိနေသည်ဆိုသည်ကို မည်သူမျှ မသိရှိကြပေ။

မင်းသားကလေးကား တူရိယာကို တီးခတ်ကာ သီချင်းကို သီဆိုလေသည်။ သူသီဆိုတီးမှုတ်သော သီချင်းများမှာ စစ်သီချင်းများ၊ ဟာသသီချင်းများ၊ အချစ်သီချင်းများ ဖြစ်ကြသည်။ မကြာမီ မင်းသမီးကလေးမှာ ရယ်မောလာသည်။ မင်းသားလေးက သီဆိုမှုကို ရပ်လိုက်သောအခါ မင်းသမီးကလေးက –

"မရပ်ပါနဲ့၊ ပြန်ဆိုပါ၊ ပြန်ဆိုပါ"ဟု တောင်းဆိုလေသည်။

ဘုရင်ကြီးသည် မင်းသမီးကလေး၏ ရယ်မောသံကို ကြားရသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ အစ်ကိုတော် ၁၂ ယောက်ကလည်း ဝမ်းသာသွားသည်။ ထို့နောက် ဘုရင်ကြီးက အမှုတော်ထမ်းအား –

"ဒီသီချင်းသည်ကို ရွှေဒင်္ဂါးတစ်ရာ ချီးမြှောက်လိုက်ပါ"ဟု မိန့်ကြားလိုက်သည်။ သို့သော် မင်းသားလေးက –

"အရှင်မင်းကြီး… ကျွန်တော်မျိုး ရွှေဒင်္ဂါး မလိုချင်ပါဘူး"ဟု ပြန်လည်လျှောက်တင်လေသည်။

မင်းသားလေး၏ စကားကိုကြားသော် ဘုရင်ကြီးက–

"အသင် ရွှေဒင်္ဂါးမလိုချင်ဘူး ဟုတ်လား …။ လူတိုင်း ရွှေဒင်္ဂါး လိုချင်ကြတာပဲ မဟုတ်လား"ဟု ဆိုသည်။

ညီအစ်ကို ၁၂ယောက်ကလည်း –

mgyoe.com

mgyoe.com

"အသင် ရွှေဒင်္ဂါးမလိုချင်ဘူး ဟုတ်လား"ဟု အံ့သြတကြီး မေးကြသည်။

"မှန်ပါတယ် အရှင်မင်းကြီး။ ကျွန်တော်မျိုး ရွှေဒင်္ဂါး မလိုချင်ပါဘူး"ဟု မင်းသားလေးက ပြန်လည်လျှောက်တင်သည်။

ထိုအခါ ဘုရင်ကြီးက -

"ဒါဖြင့် သင်ဘာလိုချင်သလဲ"ဟု ပြန်မေးသည်။

မင်းသားကလေးသည် မင်းသမီးကလေးအား ကြည့်လိုက်သည်။ မင်းသမီးကလေးကလည်း သူ့ကိုပြန်ကြည့်သည်။ မင်းသားလေးက သူ့အင်္ကျီအိတ်ထဲမှ အံ့ဖွယ်ဖိနပ်ကလေးသည် တန်ခိုးပြနေပြီဖြစ်ကြောင်း သိရှိလိုက်သည်။ ထို့ကြောင့် မင်းသားလေးသည် မကြောက်မရွံ့ဖြင့် -

"အရှင်မင်းကြီး...ကျွန်တော်မျိုးလိုချင်တာ ကမ္ဘာပေါ်မှာ တစ်ခုတည်းရှိပါတယ်"ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ဘုရင်ကြီးက -

"ကဲ...လျှောက်တင်စမ်း၊ သင်လိုချင်တာဘာလဲ"ဟု မိန့်ဆိုလိုက်သည်။

ဘုရင်ကြီး၏ မိန့်ဆိုချက်ကိုကြားသော် မင်းသားလေးလည်း မဆိုင်းမတွပင် -

"ကျွန်တော်မျိုး အရှင့်သမီးတော် မင်းသမီးလေးနဲ့ လက်ဆက်လိုပါတယ်"ဟု ရဲဝံ့စွာ လျှောက်တင်လိုက်လေသည်။

မင်းသားလေး၏ စကားကိုကြားသော် ဘုရင်ကြီးသည် ဒေါသတကြီးဖြင့် "ဘာ...ဘာပြောတယ်"ဟု ဟစ်အော်လိုက်

mgyoe.com

mgyoe.com


လေသည်။ ဘုရင်ကြီး၏ သားတော် ၁၂ ယောက်ကလည်း "ဘာပြောလိုက်တယ်။ ငါတို့ရဲ့ ညီမတော်လေးနဲ့ လက်ဆက်ချင်တယ် ဟုတ်စ။ သင်ဟာ တစ်အိမ်နဲ့တစ်အိမ် လှည့်လည်ပြီး သီဆိုတီးခတ် ဖျော်ဖြေနေရတဲ့ သီချင်းသည်ဖြစ်တယ်။ ငါတို့လို မင်းဆွေမင်းမျိုးထဲ ဝင်ချင်လို့ရမလား။ တန်ရာတန်ရာ မှန်းတာ မဟုတ်ဘူး။ အမဲရိုးက ဟင်းအိုးမှအားမနာ မင်းမို့ပြောရက်တယ်။ ဒီကောင်ကို ဆွဲထုတ်သွားလိုက်စမ်း" ဟု ဆိုကြလေသည်။

ဘုရင်ကြီးကလည်း "ဒီကောင်ကို ခေါ်သွားပြီး ခေါင်းဖြတ်သတ်လိုက်ကြ" ဟု အမှုတော်ထမ်းများအား အမိန့်ပေးသည်။

ဘုရင်ကြီး၏ စကားကိုကြားသော် မင်းသမီးကလေးသည် ငိုကြွေးလေသည်။ မင်းသမီးကလေးအား မငိုရန်ဖျောင်းဖျသော်လည်း မရပေ။ ဆက်လက်ငိုကြွေးနေလေသည်။ နောက်ဆုံးတွင် ဘုရင်ကြီးက -

"ကဲ…ကဲ သူ့ခေါင်းကို မဖြတ်ကြနဲ့တော့" ဟု သူ့အမိန့်ကို ပြန်ဖျက်လေသည်။

ထိုအခါကျမှ မင်းသမီးကလေးသည် အငိုရပ်လေတော့သည်။ ဘုရင်ကြီးသည် ဘာလုပ်ရမှန်း မသိတော့ချေ။

ထိုနောက် ဘုရင်ကြီးသည် မင်းသမီးလေးအား -

"သမီးတော်… ခမည်းတော် ဒီလူကို ဘာလုပ်ရမလဲ" ဟု ပြောဆိုလိုက်သည်။

ဘုရင်ကြီး၏ စကားကိုကြားသော် မင်းသမီးလေးက-

"သူ့ကို သမီးတော်နဲ့ လက်ထပ်ပေးပါ" ဟု တောင်းဆိုလိုက်လေသည်။

mgyoe.com

mgyoe.com


"ဘာ…ဘာပြောတယ်"ဟု ဘုရင်ကြီးက ဒေါသတကြီးဖြင့် ဟစ်အော်လိုက်လေသည်။ မင်းသမီးလေး၏ အစ်ကိုတော်များကလည်း "ဘာ…ဒီကောင်နဲ့ လက်ထပ်မယ်ဟုတ်လား"ဟု အံ့သြတကြီး ပြောဆိုကြလေသည်။

ဘုရင်ကြီးက ဒေါသကြီးစွာဖြင့် -

"သမီးတော်ဖိနပ် ရှာဖွေတွေ့လာမယ့် မင်းသားနဲ့ လက်ထပ်ရမယ်။ ခု မင်းသားလေးတွေဟာ သမီးတော်ရဲ့ဖိနပ်ကို ကြိုးစားရှာဖွေနေကြတယ်"ဟု မိန့်ဆိုသည်။

ထိုအခါ မင်းသမီးလေးက -

"သမီးတော် ဖိနပ်ကို မလိုချင်တော့ပါဘူး။ သီချင်းသည်နဲ့ပဲ လက်ထပ်ချင်ပါတယ်"ဟု ပြောဆိုလေသည်။

ထိုအချိန်တွင် မင်းသားလေးသည် အမှုထမ်းများလက်ထဲမှ ရုန်းထွက်၍-

"ကျွန်တော်မျိုး စကားတစ်ခွန်းလောက် ပြောပါရစေ" ဟု ဆိုလေသည်။

ဘုရင်ကြီးက "မင်းဘာမှမပြောနဲ့"ဟု ဒေါသတကြီးဖြင့် တားသည်။ ဘုရင်ကြီး၏ သားတော်များကလည်း -

"ဘာမှမပြောရင် ကောင်းမယ်"ဟု ဆိုကြသည်။

သို့သော် မင်းသမီးကလေးက -

"သူပြောချင်တာ ပြောပါစေ၊ မတားကြပါနဲ့"ဟု ငိုယိုကာ ထပ်ခါတလဲလဲ ပြောဆိုသည်။ နောက်ဆုံးတွင် ဘုရင်ကြီးလည်း မင်းသမီးကလေး၏ ဆန္ဒအတိုင်း မင်းသားလေးအား စကားပြောခွင့် ပြုလိုက်လေသည်။

mgyoe.com

mgyoe.com


မင်းသားလေးလည်း အေးဆေးတည်ငြိမ်စွာဖြင့် -

"ကျွန်တော်မျိုး မင်းသမီးကလေးရဲ့ဖိနပ်ကို ပြန်လည်ယူဆောင်လာခဲ့ပေးပါ့မယ်"ဟု လျှောက်တင်လေသည်။

"သင်က မင်းသားလေးမှ မဟုတ်ဘဲ"ဟု ဘုရင်ကြီးက ဆိုသည်။

မင်းသားလေးက "မင်းသမီးလေးက ဘယ်မင်းသားကိုမှ လက်ထပ်ချင်တာ မဟုတ်ဘူး"ဟု ပြန်လျှောက်သည်။

မင်းသားလေး၏ စကားကိုကြားသော် ဘုရင်ကြီးသည် မင်းသားလေးအား သရော်လှောင်ပြောင်ကာ ရယ်မောပစ်လိုက်လေသည်။ ဘုရင်ကြီးက "ဒီသီချင်းသည်ဟာ ဖိနပ်ကို ရှာဖွေနိုင်မယ့်သူမဟုတ်"ဟု တွေးထင်ထားလေသည်။ ထို့ပြင် သီချင်းသည်အား မင်းသားအစစ် ဖြစ်သည်ဟူ၍ မသိရှိသေးပေ။

ထို့နောက် ဘုရင်ကြီးက မင်းသားလေးအား -

"ကောင်းပြီ၊ သင် ဖိနပ်ကို သွားရောက်ရှာဖွေပေတော့၊ ဖိနပ်ကို ရှာဖွေတွေ့ရင်သာ သင့်လိုအင်ဆန္ဒအတိုင်း ဖြစ်ရစေမယ်"ဟု ဆိုလေသည်။

"ကျွန်တော်မျိုး ဖိနပ်ကိုမရှာခင် မင်းသမီးကလေးနဲ့ အရင်လက်ထပ်လိုပါတယ်။ လက်ထပ်ပြီးမှသာ မင်းသမီးကလေးရဲ့ ဖိနပ်ကို ပေးပါမယ်"ဟု မင်းသားလေးက ပြန်လည်လျှောက်တင်လေသည်။

မင်းသားလေး၏ စကားကိုကြားသော် ဘုရင်ကြီးသည် ဒေါသထွက်သွားကာ -

"ဘာပြောတယ်"ဟု အော်ငေါက်လိုက်လေသည်။

mgyoe.com

mgyoe.com


ဘုရင့်သားတော်များကလည်း ပြိုင်တူ -

"ဘယ်လိုပြောလိုက်တာလဲ"ဟု ဆိုမြည်ကြလေသည်။

နန်းတော်တစ်ခုလုံး မကျေနပ်သံများဖြင့် ဆူညံသွားလေသည်။ ဘုရင်ကြီးက "ဒီကောင့်ခေါင်းကိုဖြတ်"ဟု ဆိုမြည်အမိန့်ပေးနေလေသည်။ မင်းသမီးကလေးကလည်း ဘုရင်ကြီးအား သီချင်းသည်၏ ခေါင်းကိုမဖြတ်ရန် အတန်တန် ငိုယိုကာ တောင်းပန်နေလေသည်။ ဘုရင်ကြီးက မည်သို့ပင် ချော့စေကာမူ အငို မတိတ်ပေ။ နောက်ဆုံးတွင် ဘုရင်ကြီးသည် သီချင်းသည် မင်းသားလေးအား ခေါင်းဖြတ်သတ်မိန့်ကို ရုပ်သိမ်းလိုက်လေသည်။ ထို့နောက် ဘုရင်ကြီးက -

"ကဲ…မနက်ဖြန်မှာ သင်နဲ့သမီးတော်ရဲ့ လက်ထပ်ပွဲသဘင်ကို ဆင်ယင်ကျင်းပပေးမယ်။ လက်ထပ်ပွဲပြီးရင် စားပွဲကြီးကို ကျင်းပမယ်။ သင်က စားပွဲကြီး မကျင်းပမီအချိန်မှာ သမီးတော်ရဲ့ဖိနပ်ကို ပေးဆက်ရမယ်။ မပေးဆက်နိုင်ရင်တော့ သင့်ခေါင်းအပြတ်ပဲ"ဟု မိန့်ဆိုလိုက်လေသည်။

ဘုရင်ကြီး၏စကားကိုကြားသော် မင်းသမီးကလေးသည် အငိုရပ်ကာ ပြုံးပျော်လာသည်။ မင်းသမီးကလေးနှင့် မင်းသားလေးတို့သည် တစ်ဦးကိုတစ်ဦး ကြည်နူးစွာဖြင့် ကြည့်လိုက်ကြကာ ပြိုင်တူရယ်မောကြလေသည်။

ဘုရင်ကြီးက မင်းသားလေးအား -

"သင်ကြားတယ်နော်။ သင် မနက်ဖြန် ဖိနပ်မရဘူးဆိုရင်တော့ သင့်ခေါင်းပြုတ်ပြီသာမှတ်"ဟု ထပ်မံသတိပေး ပြောဆိုကာ နန်းတော်ခန်းမဆောင်ထဲမှ ထွက်ခွာသွားလေသည်။ ဘုရင်

mgyoe.com

mgyoe.com


ကြီးနောက်မှ သားတော် ၁၂ ယောက်ကလည်း လိုက်ပါသွားကြလေသည်။

နောက်တစ်နေ့တွင် နန်းတော်၌ မင်္ဂလာစားပွဲကြီး ကျင်းပရန်အတွက် ဘုရင့်စားဖိုဆောင်တွင် စားတော်ကဲအယောက် ၅၀ သည် စားသောက်ဖွယ်ရာများကို စီမံချက်ပြုတ်လျက် ရှိနေကြလေသည်။ ဘုရင့်ဥယျာဉ်မှူး ၅၀ ယောက်ကလည်း မင်္ဂလာပွဲကျင်းပမည့် နန်းတော်ခန်းမဆောင်ထဲသို့ မင်္ဂလာပန်းများ အသီးသီးယူဆောင်လာကြသည်။ ရံရွေတော် ၅၀ ဦးကလည်း မင်္ဂလာသတို့သမီး မင်းသမီးလေးအား အလှဆုံးဖြစ်စေရန် အဝတ်အစား လက်ဝတ်တန်ဆာများ ဝတ်ဆင်ပေးလျက်ရှိနေကြသည်။ မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသော လူများသည် အကောင်းဆုံးဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားကြသည်။ ဘုရင်ကြီးသည် စိန်ရွှေများဖြင့် အတိပြီးသည့် သရဖူကြီးကိုဆောင်းထားသည်။ သရဖူမှ စိန်ရောင်၊ ရွှေရောင်များ တဖိတ်ဖိတ်တောက်နေသည်။ သို့သော် ဘုရင်ကြီးနှင့် သားတော် ၁၂ ယောက်တို့သည် စိတ်ဆိုးလျက်ရှိနေကြသည်။ ဒေါသထွက်နေကြသည်။ သီချင်းသည်ကို လုံးဝ မကြည်ဖြူပေ။ သို့သော် သီချင်းသည်မှာ ဖိနပ်ရှာမရ၍ မကြာမီ အသတ်ခံရမည်ဆိုသည်ကို တွေးမိကာ စိတ်အေးနေကြသည်။

မကြာမီ သီချင်းသည်နှင့် မင်းသမီးကလေးတို့၏ လက်ထပ်ပွဲသဘင်ကို စတင်ကျင်းပကြလေသည်။ သီချင်းသည်နှင့် မင်းသမီးကလေးတို့ လက်ထပ်ပြီးစီးပြီးနောက် ဧည့်ပရိသတ်များအားလုံးသည် မင်္ဂလာစားပွဲကြီးကျင်းပမည့် ခန်းမဆောင်ကြီး

mgyoe.com

mgyoe.com


ဆီသို့ လာခဲ့ကြလေသည်။ ရှေ့ဆုံးမှ လူကြီးသူကောင်းများနှင့် အမျိုးသမီးများ၊ နောက်မှ ဘုရင့်သားတော် ၁၂ ယောက်က လိုက်ပါလာသည်။ ဘုရင့်သားတော်များနောက်တွင် အာဏာပါးကွက်သားတစ်ယောက်သည် ပေါက်ဆိန်ကိုထမ်းကာ လိုက်ပါလာခဲ့သည်။ သူတို့နောက်မှ ဘုရင်ကြီးနှင့် ဘုရင်ကြီး၏နောက်မှ သီချင်းသည် မင်းသားလေးနှင့် မင်းသမီးလေးတို့ လိုက်ပါလာကြသည်။

ခန်းမကြီးထဲသို့ လူစုံရောက်ရှိသော် ဘုရင်ကြီးက -


"ကဲ. . အခုအချိန်ကစပြီး သီချင်းသည်ရဲ့ ဦးခေါင်းကို ဖြတ်ပါတော့မယ်။ သူ့ခန္ဓာကိုယ်ကြီး အဝေးကို သယ်သွားပြီးရင် မင်္ဂလာစားပွဲကြီး စတင်ပါမယ်"ဟု ပြောဆိုလိုက်လေသည်။ အမှန်မှာ ဘုရင်ကြီးက သီချင်းသည် မည်သည့်နည်းနှင့် ဖိနပ်ကို ရှာဖွေတွေ့ရှိမည်မဟုတ်ဟု စိတ်ချယုံကြည်ပြီး ယင်းသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ပါးကွက်အာဏာသားလည်း ပေါက်ဆိန်ကြီးကို မ,ကာ သီချင်းသည် မင်းသားလေးရှိရာသို့ လာခဲ့လေသည်။ ထိုအချိန်တွင် သီချင်းသည် မင်းသားလေးသည် တဟားဟားဖြင့် ရယ်မောလိုက်ပြီး သူ့အိတ်ထဲမှ ငွေဖိနပ်ကလေးကို ထုတ်ယူကာ မြှောက်ပြလိုက်လေသည်။

အာဏာသားသည် ဖိနပ်ကိုမြင်သော် အလွန်အံ့သြသွားကာ မျက်နှာမည်းသွားသည်။ ဘာစကားမျှ မပြောနိုင်ဘဲ မှင်တက်မိသလို ဖြစ်နေလေသည်။

ဘုရင်ကြီးက -

mgyoe.com



“ဒါ ဖိနပ်တစ်ဖက်ပဲ၊ နောက်တစ်ဖက်ကကော” ဟု မင်းသားလေးအား မေးလိုက်လေသည်။

ထိုအခါ လူအုပ်ကြားထဲမှ အသံတစ်သံ ထွက်ပေါ်လာကာ “အဲဒီဖိနပ်တစ်ဖက်က ဒီမှာလေ”ဟုဆိုကာ အဘွားအို တစ်ဦးသည် ဖိနပ်ကိုကိုင်၍ ထွက်လာသည်။ ထို့နောက် အဘွားအိုက –

“ခန်းမဆောင် တံခါးကြီးကို ဖွင့်လိုက်ကြစမ်းပါ။ သင်တို့ ဘာတွေ့ရမယ်ဆိုတာ သိကြရမယ်”ဟုဆိုကာ တဟားဟား ဖြင့် အဆက်မပြတ် ရယ်မောနေလေသည်။

အမှုတော်ထမ်းများလည်း တံခါးမကြီးကို ဆွဲဖွင့်လိုက်ကြ

mgyoe.com

mgyoe.com


ရာ အပြင်ဘက်တွင် ရွှေရထားကြီးတစ်စင်း ရပ်ထားသည်ကို အံ့ဖွယ်တွေ့မြင်ကြရလေသည်။ ရွှေရထားကြီးထဲတွင် မင်းသားကလေး၏ ဖခမည်းတော်နှင့် မယ်တော်တို့သည် ထိုင်လျက်ရှိနေကြသည်။

ဘုရင်ကြီးက ရွှေရထားထဲမှ မင်းနှင့်မိဖုရားအား မင်္ဂလာပွဲသို့ ဖိတ်ခေါ်လေသည်။ ဘုရင်ကြီးသည် သီချင်းသည်အား မင်းသားကလေးမှန်း သိရှိသွားလေသည်။ သူ့သမီးတော်ကလေးမှာ မင်းသားကလေးနှင့် လက်ဆက်သွားသည်ဖြစ်ရာ ဘုရင်ကြီးမှာ အလွန်ပင် ဝမ်းသာလျက်ရှိနေလေသည်။

ထိုသို့ဖြင့် မင်းသားကလေးသည် မင်းသမီးကလေးအား သူ့နေပြည်တော်သို့ ခေါ်ဆောင်သွားကာ အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြသည်။

[ Longmans စာအုပ်တိုက်မှ B.Lumsden Milne ရေးသားသည့် The Magic Slippers and other stories စာအုပ်မှ The Magic Slippers. ]

mgyoe.com

mgyoe.com

# လိပ်နှင့် မြွေ

တစ်ခါက မြစ်ကြီးတစ်ခု၏ဘေးတွင် လိပ်ကြီးတစ်ကောင်နှင့် မြွေကြီးတစ်ကောင် နေထိုင်ကြလေသည်။ သူတို့နှစ်ကောင်သည် အချင်းချင်း မတည့်ကြပေ။ သူတို့နှစ်ကောင်စလုံး မြစ်ဘုရင်ဖြစ်လိုကြသည်။ မြစ်ဘုရင်နေရာကို လုနေကြသည်။

ထို့ကြောင့် မကြာခဏ မြွေသည် လိပ်ကို ကိုက်သတ်ရန် ကြိုးစားသည်။ သို့သော် အချည်းနှီးပင်။ မြွေကြီးသည် လိပ်ကို ပေါက်ရန် ဟန်ပြင်လိုက်သည်နှင့် လိပ်သည် သူ့ခေါင်းနှင့် ခြေထောက်ကို သူ့အခွံထဲသို့ ဆွဲသွင်းထားလိုက်သည်။ ထိုသို့ဖြင့် မြွေသည် လိပ်ကို မပေါက်သတ်နိုင်တော့ပေ။ လိပ်ခွံသည် အလွန်မာကျော၍ မြွေသည် လိပ်ခွံကိုပေါက်မိပါက သူ့အစွယ် ကျိုးသွားပေမည်။

တစ်နေ့သ၌ မြွေသည် လိပ်ကိုပေါက်သတ်ရန် ကြိုးစားသော်လည်း မအောင်မြင်ဖြစ်နေစဉ် လိပ်က မြွေအား –

“ဟား…ဟား…ဟား ကျွန်ုပ်ဟာ သိပ်ခွန်အားကြီးမား

mgyoe.com

mgyoe.com



တဲ့အတွက် ကျွန်ုပ်ကို ဘယ်သူမှ မပေါက်နိုင်တော့ဘူး မဟုတ်လား။ အခု ကျွန်ုပ် ဘုရင်ဖြစ်ပြီ''ဟု ကြုံးဝါးလေသည်။

လိပ်၏စကားကို ကြားသော် မြွေသည် အလွန်ဒေါသထွက်သွားသည်။ ထို့နောက် လိပ်အား -

''ကျွန်ုပ် မသိလို့ မေးပါရစေ။ သင် ဘယ်လိုလုပ်ပြီး ခွန်အားကြီးလာရသလဲ။ ရှင်းပြပါဦး''ဟု ပြောဆိုလေသည်။

ထိုအခါ လိပ်က -

''ကျွန်ုပ် ခွန်အားဗလကြီးမားသလိုပဲ ကျွန်ုပ်မိတ်ဆွေတွေအားလုံးကလည်း ခွန်အားဗလကြီးမားကြတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် ကျွန်ုပ်တို့ဟာ ညဘက်ကျရင် ကျွန်ုပ်တို့ ဦးခေါင်း



mgyoe.com